dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to protect the Youth against Drugs?"*

ဖြစ်ပါတယ်။(ဒီဇင်ဘာ၊၁၉၊၂၀၁၅ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " လူငယ်တွေ မူးယစ်သားကောင်မဖြစ်အောင် ဘယ်လိုကာ ကွယ်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှုအများဆုံးဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၏ နောက်တွင် ရှိနေသည်ဟု သိရသည်။ မြန်မာအလင်းသတင်းစာ၏ ဖော်ပြချက်အရ ရှမ်းနှင့် ကချင်ပြည်နယ်မှာ ဘိန်းများဆုံး စိုက်ပျိုးသည့် ပြည်နယ်များဖြစ်ပြီး တနိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု တိုက်ဖျက်ရေးရုံး (UNODC) မှ ထုတ်ပြန်သော ၂၀၁၅ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးဧရိယာ ခန့်မှန်း ဟက်တာပေါင်း ၅၇,၆၀၀ (၁၄၂,၃၃၂ ဒသမ ၇ ဧက)အထိ ရှိပြီး၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ သည်မူးယစ်ဆေးဝါးနှင့်ဘိန်းဖြူထုတ်လုပ်ရာ အဓိကဗဟို ဖြစ်လာနေကြောင်းဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှဒေသ၏ မက်သဖက်တမင်း စိတ်ကြွမူးယစ်ဆေးဝါး အဓိက ထုတ်လုပ်သော နိုင်ငံဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

ထို့အတူ ပြည်တွင်း၌လည်း သုံးစွဲသူအချိုးအစားမှာ မြင့်တက်လာခဲ့ပြီး အများအားဖြင့် အလုပ် အကိုင်အပါအဝင် အခွင့်အလမ်းများရွေးချယ်စရာ နည်းပါးနေခြင်း၊ စီးပွားရေး နိမ့်ကျနေခြင်း၊ လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားလျက်ရှိနေခြင်းစသည့် အချက်များက လူငယ်များအတွက် ယင်းလမ်းပေါ်ရောက်ရန် အခွင့်အလမ်းပိုစေခဲ့ပေသည်။

ယခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းဆီးရမှုများတွင်  ဇူလိုင်လ ၂၆ ရက်နေ့က ကမ္ဘာပေါ်တွင် ဒုတိယမြောက် အများဆုံး အဖြစ် ရောက်ရှိခဲ့သည့် အမေရိကန်ဒေါ်လာ သန်း ၁၄၀ တန်ဖိုးရှိတဲ့ စိတ်ကြွဆေးပြားများကို ပိုင်ရှင်မဲ့အဖြစ် မြန်မာနိုင်ငံတွင် ဖမ်းဆီးမိခဲ့ပေသည်။ တရားခံများကိုမူ ခုချိန်ထိဖမ်းမိခြင်း မရှိသေးပေ။ ယင်းနောက် တွင်  နိုင်ငံတကာအပါအဝင် ဒေသတွင်းနိုင်ငံတို့မှ ဖိအားပေးမှုများရှိ လာသကဲ့သို့ ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးများကို ဆက်တိုက် ဖမ်းဆီးရမိမှုများ ရှိလာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးကို ရာဇဝတ်မှုတစ်ရပ်အနေဖြင့် နှိမ်နင်းမှုများကို ဆောင်ရွက်ခဲ့ရာ၌ မည်သည့်အားနည်းချက်များရှိနေသနည်း၊ လူငယ်များ မူးယစ်နွံမှ ကင်းနိုင်စေရန် မည်သည့်နည်းလမ်းတို့ဖြင့် ကုစားကြမည်နည်း၊ လာမည့်အစိုးရသစ်အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ မည်မျှအထိ စိန်ခေါ်ချက်တစ်ရပ်ဖြစ်လာမည်နည်း စသည်တို့ကို ယခုတစ် ပတ် ဒီဗွီဘီ ဒီဘိတ်မှ ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

**သူတို့အမြင်**

"ပြည်တွင်းစစ်ဖြစ်တာကြောင့်မို့ ကျနော်တို့လူငယ်တွေ အဖက်ဖက်ကနေ ကျရှုံးခဲ့တယ်။ ကျရှုံးခဲ့ တယ်ဆိုတာ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေ အရပ်ရပ်ကျဆုံးတယ်။ ဒီလိုပဋိပက္ခ ဖြစ်နေတဲ့အချိန်မှာ မသမာတဲ့သူတွေက မူးယစ်ဆေးဝါးကို ပေါ်ပေါ်တင်တင်ရောင်းဝယ်ဖောက် ကားတယ်။ မူးယစ်ဆေးဝါးကို လူငယ်တွေ ပိုမိုသုံးစွဲအောင် လုပ်ဆောင်လာတာပေ့ါ။ အဲဒီလို အခြေအနေမှာ ကျနော်တို့ လူငယ်တွေက မူးယစ်ဆေးဝါးရဲ့ အဓိက သားကောင်ဖြစ်နေတယ်။ လူငယ်တွေ မူးယစ်ဆေးဝါးသားကောင်ဖြစ်ရခြင်း အဓိကအကြောင်း အရင်းက ငြိမ်းချမ်းရေး မရတာကြောင့်မို့လို့ ဖြစ်နေတာ။"
**ကိုဂျာရုံ** - ကချင်ပြည်နယ် လူငယ်ကွန်ရက်ဥက္ကဋ္ဌ

"ဘိန်းက လူကို ပြန်းတီးစေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒီမှာ ဘိန်းကလွဲလို့ တခြား သီးနှံစိုက်ရင် ဈေးကောင်းမရဘူး"
**ဦးဆီမိုးနက်** - ဘိန်းစိုက်ပျိုးသူ

"တချို့ဆေးဖြတ်ပြီးကြပြီဆိုပေမယ့်လည်း အလုပ်အကိုင် မပေးနိုင်တော့ ဒီအထဲကို ပြန်ရောက်သွားတဲ့သူတွေ လည်း အများကြီးရှိပါတယ်။ ဒါနဲ့ ဒီမူးယစ်ဆေးဝါးသုံးစွဲမှုက သံသရာလည်နေတယ်။ ဒါက အဓိက ပြဿနာပဲ။ သူတို့ကို အသက်မွေးဝမ်း ကျောင်းလုပ်ငန်းတွေပေးဖို့လိုတယ်"

"အဓိကလိုအပ်နေတာက ဆေးဖြတ်တဲ့ အဆောက်အအုံ မရှိတာပဲ။ ဆေးဖြတ်တဲ့ဆေးရုံက တော်တော်ကြီးကြီး မားမားကို ဒီဒေသ(တာချီလိတ်)မှာ ရှိသင့်တယ်လို့ ယူဆတယ်"
**ဦးသိန်းဝင်း** - မူးယစ်ဆေးဝါးသုံးစွဲသူများအား အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်သူ

ဒီမူးယစ်ဆေးဝါးပြဿနာက မြန်မာတစ်ပြည်တည်းရဲ့ ပြဿနာလည်းမဟုတ်ဘူး၊ အရှေ့တောင် အာရှဒေသ တစ်ခုတည်း ရဲ့  ပြဿနာလည်းမဟုတ်ဘူး၊ တစ်ကမ္ဘာလုံးနဲ့ ပတ်သက်နေတဲ့ ပြဿနာပဲ။ အဲဒီတော့ မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးဆိုတာ သူတို့ (ကမ္ဘာ့နိုင်ငံတွေ )ဆီမှာ မဖြစ်နိုင်သေးသလို မြန်မာနိုင်ငံအတွက်လည်း ခက်ခဲနေသေးတာပေ့ါ"    **ဦးဉာဏ်ဝင်း** - တရားသူကြီးဟောင်း

"ဒီဒေသကို စုဝင်တယ်ဆိုတာထက် ကျန်တဲ့နယ်စပ်တွေကနေတစ်ဆင့် အိမ်နီးချင်းနိုင်ငံတွေကို သွင်းဖို့အတွက်ပါပဲ။ ရန်ကုန်ဆို ရန်ကုန်သုံးတဲ့နှုန်း ဖြန့်ထားခဲ့တယ်ပေ့ါ။ ဒီသဘောရှိပါတယ်။"
**ဒုရဲမှူးကြီး ကျော်ကျော်မင်း** - ရန်ကုန်တိုင်း မူးယစ်တာဝန်ခံ

***Information links:***

www.dvbdebate.net

www.Burmese.dvb.no